University at Buffalo
The State University of New York

## ဦးဆောင် ပြည်သူ့အစိုးရ တက္ကသိုလ်

University at Buffalo (UB) သည် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ဘက်ရှိ အကောင်းဆုံးပြည်သူ့အစိုးရတက္ကသိုလ်များ အနက် တစ်ခုအပါအဝင်ဖြစ်ပြီး ပညာဆည်းပူးရာတွင် ထင်ပေါ်ကျော်ကြားသည့် တက္ကသိုလ်တစ်ခုဖြစ်သည်။ ၁၈၄၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော UB သည် New York တိုင်းအစိုးရတက္ကသိုလ် (SUNY) စနစ်တွင်ပါဝင်သော ၆၄ကျောင်းအနက် အကြီးဆုံး ဖြစ်ပြီး ဘွဲ့ကြိုနှင့်ဘွဲ့လွန်ပရိုဂရမ် အပြည့်စုံဆုံးတက္ကသိုလ်ဖြစ်သည်။ UB သည် ဂုဏ်သတင်းကျော်စောသော အမေရိကန် တက္ကသိုလ်များအသင်း၏ အသင်းဝင်ဖြစ်ပြီး၊ သုတေသနအထူးပြုတက္ကသိုလ်များအနက် ရှေ့တန်းရောက်တက္ကသိုလ်တစ်ခု ဖြစ်သော်လည်း၊ အမေရိကန်ပြည်ထောင်စု၏ အများပြည်သူတက်ရောက်ရန် အတတ်နိုင်ဆုံး အစိုးရတက္ကသိုလ်များအနက် တစ်ခုအပါအဝင် ဖြစ်သည်။

## သင်ကြားရေးဝန်ထမ်း နှင့် ဘွဲ့ပရိုဂရမ်များ

UB တွင်ရှိသော ဆရာသင်ကြားရေးဝန်ထမ်း ၂၀၀၀ နီးပါးအနက် ၉၅% သည် ပါရဂူဘွဲ့ (သို့) ပါရဂူဘွဲ့အဆင့်ရှိသည့်ဘွဲ့ရများ ဖြစ်သည်။ UB တွင် ရိုးရိုးဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ ပရိုဂရမ်ပေါင်း ၃၀၀ခန့်ရှိသည်။

| | | | |
|---|---|---|---|
| အနုပညာနှင့် သိပ္ပံကောလိပ် | ပညာရေး | ဆေးပညာ | လူမှုရေး |
| ဗိသုကာနှင့် စီမံကိန်း | အင်ဂျင်နီယာနှင့် အသုံးချသိပ္ပံ | ဥပဒေ | သူနာပြု |
| သွားဘက်ဆိုင်ရာ ဆေးပညာ | ကျန်းမာရေးပညာ | စီးပွားရေး | ဆေးဝါးဆိုင်ရာပညာ |

## ကျောင်းသားဦးရေ

နိုင်ငံပေါင်း ၁၀၀ ကျော်မှ နိုင်ငံခြားကျောင်းသားအယောက် ၅၀၀၀ အပါအဝင် ကျောင်းသားပေါင်း ၂၉၀၀၀။

## ကျောင်းဝင်ခွင့်လိုအပ်ချက်များ

နိုင်ငံခြားကျောင်းသားများ၏ ဝင်ခွင့်အတွက် အောက်ဖော်ပြပါအချက်များနှင့်အညီ အကဲဖြတ်ပေးသည်။

၁) **ပညာအရည်အချင်းနှင့် အထောက်အထား** - လျှောက်ထားသူ၏ ပညာရေးမှတ်တမ်း

၂) **အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု** - UB ၏ပုံမှန် (Standard) ဝင်ခွင့်အတွက် အနည်းဆုံး TOEFL အမှတ် စာရွက်ဖြင့်ဖြေလျှင် ၅၅၀၊ အင်တာနက်ဖြင့်ဖြေလျှင် ၇၉ နှင့် မည်သည့် sub score မှ ၁၅ မှတ်အောက်မရှိရ (သို့) IELTS အမှတ် ၆.၅ နှင့် မည်သည့် sub score မှ ၆.၀ မှတ်အောက်မရှိရန်လိုအပ်။

အထက်ပါအင်္ဂလိပ်စာအမှတ်မမီသော **ဘွဲ့ကြိုကျောင်းသားများ (ကျောင်းသားသစ်နှင့်ကျောင်းပြောင်းသူ)** အတွက် ပုံမှန်ဝင်ခွင့်ကို ဘာသာစကားပံ့ပိုးမှု (Standard Admission with Language Support) နှင့်အတူတက်ရောက်ရန် ထည့်သွင်းစဉ်းစားပေးပါမည်။ ဤကျောင်းသားများသည် ပထမနှစ်တွင် အပိုအင်္ဂလိပ်စာအတန်း တက်ရောက်ရပါမည်။ အနည်းဆုံး TOEFL အမှတ် စာရွက်ဖြင့်ဖြေလျှင် ၅၂၃-၅၄၉၊ အင်တာနက်ဖြင့်ဖြေလျှင် ၇၀-၇၈ (သို့) IELTS အမှတ် ၆.၀ နှင့် မည်သည့် sub score မှ ၅.၅ မှတ်အောက်မရှိရန်လိုအပ်ပါသည်။ အထက်ပါဝင်ခွင့် ၂မျိုးလုံးမမီသူများကို Conditional Bridge ဝင်ခွင့်တွင် ထည့်သွင်းစဉ်းစားပေးပါမည်။

**ဘွဲ့လွန်ကျောင်းသားများ**အတွက် သက်ဆိုင်ရာဌာနအလိုက် အနည်းဆုံးအမှတ်များ ကွဲပြားခြားနားမှုရှိနိုင်သည်။

၃) **စံချိန်မီစာမေးပွဲများ** - ဘွဲ့ကြိုကျောင်းသားသစ်များသည် SAT I အမှတ်တင်ပြရန်မလိုအပ်သော်လည်း၊ တင်ပြရန် အကြံပြုပါသည်။ ဘွဲ့လွန်ကျောင်းသားများအတွက် GRE ၊ GMAT အစရှိသည်တို့ကို ဌာနအလိုက် တင်ပြရန်လိုအပ်နိုင်သည်။

၄) **ဘဏ္ဍာရေးပံ့ပိုးမှု** - နိုင်ငံခြားကျောင်းသားများသည် ဘဏ္ဍာရေးပံ့ပိုးမှုအားလုံးကို တင်ပြပြီးမှသာ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ပညာဆည်းပူးရန် လိုအပ်သောစာရွက်စာတမ်းများကို ရရှိပါမည်။

## လျှောက်ပုံလျှောက်နည်း

ဘွဲ့ကြိုလျှောက်လွှာများကို International Admissions သို့နှစ်လုံးပေါက် တင်နိုင်သော်လည်း လျှောက်လွှာတင်ရန် အကြံပြုအချိန်များမှာ ဆောင်းဦးစာသင်ကာလအတွက် ဖေဖော်ဝါရီအထိနှင့် နွေဦးစာသင်ကာလအတွက် အောက်တိုဘာအထိဖြစ်သည်။ ဘွဲ့လွန်လျှောက်လွှာများကို သက်ဆိုင်ရာဌာနသို့တိုက်ရိုက်တင်သွင်းရပါမည်။ ဌာနအလိုက်သတ်မှတ်ရက်များ ကွဲပြားခြားနားမှုရှိနိုင်သည်။

## Orientation

ကျောင်းသားအားလုံး ဆောင်းဦးနှင့် နွေဦးစာသင်ကာလများ မစမီတစ်ပတ်တွင် Orientation တက်ရောက်ရပါမည်။

## စာသင်နှစ်ပြက္ခဒိန်

၁၅ပတ်ကြာ စာသင်ကာလ ၂ခု (ဆောင်းဦးစာသင်ကာလ - ဩဂုတ်လကုန်မှ ဒီဇင်ဘာလလယ်အထိ၊ နွေဦးစာသင်ကာလ - ဇန်နဝါရီလလယ်မှ မေလဆန်းအထိ) နှင့် နွေသင်တန်းအများအပြား မေလနှင့်ဩဂုတ်လကြားတွင်ရှိ။

**ကျောင်းလခနှင့် အခြားကုန်ကျစရိတ်များ** (US ဒေါ်လာ)*

| | ကျောင်းလခ | အခြားသင်တန်းကြေး/နေစရိတ်/စားစရိတ် | စုစုပေါင်း (စာသင်ကာလ ၉လစ) |
|---|---|---|---|
| ဘွဲ့ကြိုကျောင်းသား | $24,180 | $19,079 | $43,259 |
| ဘွဲ့လွန်ကျောင်းသား | $22,210 | $18,435 | $40,645 |

*အချိန်မရွေးပြောင်းလဲနိုင်၊ ဖော်ပြပါစရိတ်တွင် စာအုပ်ဖိုးနှင့် ကိုယ်ပိုင်အသုံးစရိတ်များ မပါဝင်ပါ။

**ဘဏ္ဍာရေးအထောက်အပံ့**

ဘွဲ့လွန်ကျောင်းသားများသည် သက်ဆိုင်ရာဌာနမှ ကျောင်းလခကင်းလွတ်ခွင့်အပါအဝင် ပညာသင်ဆု (သို့) အခြားအထောက်အပံ့ ရရှိနိုင်သည်။ "F" (ကျောင်းသား) နှင့် "J" (ဖလှယ်ကျောင်းသား) ဗီဇာကိုင်ဆောင်သူများသည် တက္ကသိုလ်နယ်မြေအတွင်း အချိန်ပိုင်း အလုပ်လုပ်နိုင်သည်။

ဘွဲ့ကြိုကျောင်းသား ပညာသင်ဆုများကို www.buffalo.edu/internationaladmissions/scholarships တွင်ကြည့်ရှုနိုင်သည်။

**အင်္ဂလိပ်ဘာသာစကား လေ့လာမှု**

အင်္ဂလိပ်ဘာသာစကား အထူးကြပ်မတ်သင်တန်းနှင့် စာသင်နှစ်အကြို အင်္ဂလိပ်ဘာသာစကားသင်တန်း များကို ဆောင်းဦး၊ နွေဦး နှင့် နွေရာသီစာသင်ကာလများတွင် UB ၏ အင်္ဂလိပ်ဘာသာစကားဌာန (English Language Institute) မှသင်ကြားပေးပါသည်။ ပိုမိုသိလိုပါက -

ဖုန်း - (၇၁၆) ၆၄၅-၂၀၇၇ ဖက်စ် - (၇၁၆) ၆၄၅-၆၁၉၈

အီးမေးလ် - elibuffalo@buffalo.edu Website – www.buffalo.edu/eli

**နေရာထိုင်ခင်း**

အဆောင်နှင့် တိုက်ခန်းစတိုင်အိမ်ရာများကို ဦးရာလူဦးစားပေးစနစ်ဖြင့် ရယူနိုင်သည်။ နေရာထိုင်ခင်းအတွက် လျှောက်လွှာနှင့် စရံငွေကို ဆောင်းဦးစာသင်ကာလအတွက် မေလ ၁ ရက်နေ့နှင့် နွေဦးစာသင်ကာလအတွက် ဒီဇင်ဘာလ ၁ရက်နေ့ မတိုင်မီ ပေးသွင်းပါက တက္ကသိုလ်နယ်မြေအတွင်း နေရာထိုင်ခင်းရရှိရန် အာမခံပါသည်။ www.ub-housing.buffalo.edu

**တက္ကသိုလ်နယ်မြေ**

တက္ကသိုလ်နယ်မြေသည် အမေရိကန်ပြည်ထောင်စု၏ ခေတ်အမီဆုံးတက္ကသိုလ်နယ်မြေများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး Amherst မြို့ရှိ တက္ကသိုလ်နယ်မြေတွင် အဆင့်မြင့် စာသင်ခန်း၊ ဓာတ်ခွဲခန်း၊ ကွန်ပြူတာ နှင့် စာကြည့်တိုက် အဆောက်အဦးများရှိပါသည်။

**ကျောင်းသားဘဝ**

UB တွင် အားကစား အစီအစဉ်များ၊ အပန်းဖြေရန်နှင့် ဖျော်ဖြေရေး အဆောက်အဦးများ၊ နိုင်ငံတကာ ကျောင်းသားအသင်းအဖွဲ့ ၂၅ခုကျော် အပါအဝင် ကျောင်းသားအသင်းအဖွဲ့အစည်း ၄၅၀၊ အထွေထွေ စိတ်ဝင်စားစရာ ဟောပြောပွဲများ၊ ကပွဲများ၊ ရုပ်ရှင်များ နှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုး ရှိပါသည်။ UB Bulls သည် အမျိုးသားကောလိပ်အားကစားအသင်း (NCAA) အတွင်း Division I-A အသင်းတစ်ခုဖြစ်ပြီး Mid-American Conference (MAC) အဖွဲ့ဝင်လည်းဖြစ်သည်။

**ရပ်ရွာလူထု**

New York တိုင်း၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော Buffalo သည် ရာသီဥတု ၄ခုလုံးမျှမျှတတရရှိပြီး နေထိုင်သူများအား သက်တောင့်သက်သာရှိစေသည့် မြို့ပြဘဝနှင့် ရင်းနှီးဖော်ရွေမှု၊ နေချင့်စဖွယ်ကောင်းမွန်မှုရှိသည့် မြို့ကလေးအသွင်ကိုလည်း ပေးစွမ်းနိုင်သည်။ နိုင်ငံခြားကျောင်းသားများအတွက် ဈေးချိုသာပြီး လုံခြုံစိတ်ချရသော မြို့လည်းဖြစ်သည်။

**တည်နေရာ**

Buffalo မြို့သည် New York၊ Washington၊ Boston၊ Philadelphia နှင့် Chicago မြို့များမှ လေယာဉ်ပျံဖြင့် ၁နာရီသာ ဝေးကွာပြီး ကနေဒါနိုင်ငံနှင့် Niagara မြစ်သာခြားသည်။ ကမ္ဘာကျော် Niagara ရေတံခွန်သည် UB မှကားဖြင့် မိနစ် ၂၀သာ ဝေးသည်။ မြောက်အမေရိကတိုက်၏ အကြီးဆုံးမြို့များ အနက်တစ်ခုအပါအဝင်ဖြစ်ပြီး ယဉ်ကျေးမှု ထွန်းကားရာ နေရာဖြစ်သော Toronto မြို့သည် ကားဖြင့် မိနစ် ၉၀သာ ဝေးသည်။

**ဘွဲ့ကြိုပရိုဂရမ်စုံစမ်းရန် -**

International Enrollment Management
411 Capen Hall
Buffalo, NY 14260-1604, U.S.A

ဖုန်း - (၇၁၆) ၆၄၅-၂၃၆၈ ဖက်စ် - (၇၁၆) ၆၄၅-၂၅၂၈
အီးမေးလ် - intiem@buffalo.edu
Website – www.buffalo.edu/ApplyUB

**ဘွဲ့လွန်ပရိုဂရမ်စုံစမ်းရန် -**

Graduate Recruitment Services
408 Capen Hall
Buffalo, NY 14260, U.S.A

ဖုန်း - (၇၁၆) ၆၄၅-၃၄၈၂ ဖက်စ် - (၇၁၆) ၆၄၅-၆၉၉၈
အီးမေးလ် - grad@buffalo.edu
Website: www.grad.buffalo.edu